စာအမှတ်၊ ၅၈၇
ရက်စွဲ၊ ၁၀.၅.၂၂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၇၉ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၂၂ ခုနှစ်၊ မေလ ၁၀ ရက် )

## ကော်ဖီဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်နိုင်ရေးနှင့် ကော်ဖီအဓိက တင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် လိုအပ်သောမူဝါဒများချမှတ်ခြင်း၊ အထူးတန်းဝင်ကော်ဖီရရှိရေး၊ ကြိတ်ခွဲပြုပြင်ခြင်း၊ ကော်ဖီမှုန့်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးဆောင်ရွက်ရန်နှင့် ရန်ပုံငွေရရှိရေးတို့ကို ဆောင်ရွက်ရန်အတွက် **"ကော်ဖီဗဟိုအဖွဲ့."** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

၆၁၅(က)
၁၆/၅/၂၂

| | | |
|---|---|---|
| (ဇ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကော်ဖီအသင်း(Myanmar Coffee Association) | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်(၁)ဦး<br>ကော်ဖီထုတ်လုပ်၊ ရောင်းဝယ်၊ တင်ပို့သူများအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်(၁)ဦး<br>ကော်ဖီစိုက်ပျိုးသူများအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ်(၁) ဦး<br>ကော်ဖီ Roaster များ၊ ကော်ဖီဆိုင်နှင့် ကော်ဖီနှင့်<br>ဆက်စပ်သောပညာရှင်များအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကော်ဖီဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်ဖီဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များ ထပ်ဆင့်ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ရန်၊

(ခ) ကော်ဖီဗဟိုအဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် လိုအပ်သလိုညှိနှိုင်းပေါင်းစပ်၍ လုပ်ငန်းအဖွဲ့များထပ်ဆင့်ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဂ) ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရန် မြေနေရာရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ်ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအား ဖွံ့ဖြိုးတိုးတက်စေရေး အားပေးကူညီဆောင်ရွက်ပေးရန်နှင့် လုပ်ကွက်ငယ်ကော်ဖီစိုက်တောင်သူများအား အစုအဖွဲ့များဖွဲ့စည်း၍ ဝယ်ယူကြိတ်ခွဲသူများနှင့် ချိတ်ဆက်ပေးရန်၊

(င) ကော်ဖီသီးနှံများမှ ကော်ဖီကုန်ချောထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများ၊ ကော်ဖီလှော်စက်များကို ပြည်ပမှတင်သွင်းရာတွင် အခြားလယ်ယာလုပ်ငန်းသုံး ပစ္စည်းကိရိယာများကဲ့သို့ပင် အကောက်ခွန်နှုန်းထားများ လျှော့ပေါ့သက်သာခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) ပြည်ပမှတင်သွင်းသော အသင့်သောက်သုံးရန် ပြုပြင်ထုတ်လုပ်ပြီးဖြစ်သော ကော်ဖီစေ့၊ ကော်ဖီမှုန့်နှင့် ပျော်လွယ်ကော်ဖီမှုန့် (Instant Coffee) များအပေါ် အခွန်ကောက်ခံမှုနှုန်းထားစိစစ်ဆောင်ရွက်ပေးရန်၊

(ဆ) ကော်ဖီနှင့်ပတ်သက်သည့် လုပ်ငန်းရပ်များဆောင်ရွက်ရန်အတွက် လွတ်လပ်စွာဆုံးဖြတ်ဆောင်ရွက်နိုင်သော Coffee Board အဖွဲ့တစ်ခုကို သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပညာရှင်များဖြင့် ဖွဲ့စည်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဇ) ကော်ဖီကို တိုင်းပြည်စီးပွားရေးအတွက် အဓိကစီးပွားဖြစ် သီးနှံအဖြစ် တိုးတက်အောင်ဖော်ဆောင်မည်ဆိုပါက ကော်ဖီစိုက်ပျိုးမှုများကို (၅) နှစ်မှ (၁၀) နှစ်အထိ နှစ်ရှည်ချေးငွေရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဈ) မြန်မာ့ကော်ဖီအား အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန်။

၃။ ကော်ဖီဗဟိုအဖွဲ့သည် လိုအပ်သည့်လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စာအမှတ်၊ ၁၁၂ ( ၂ ) / ၈ / ကောင်စီ (၂၀၂၂)
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ( ရုံး / ဌာနကြီးများအားလုံး )
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ကော်ဖီဗဟိုအဖွဲ့ အဖွဲ့ဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း ( ၁ ) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

၁၀၊၅၊၂၀၂၂

ခင်လတ်

အမြဲတမ်းအတွင်းဝန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး